# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၊ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုး ရေးတံဆိပ်အပ်နှင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၈၂**

**ရန်ကုန်မြို့၊၁၃၄၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**

**(၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈)**

[ ပြင်ဆင် : 12.07.1982 ]

၁။ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေ ပုဒ်မ ၇၃၊ပုဒ်မခွဲ(ဃ)အရ နိုင်ငံတော်လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိစေလျက် ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာနှင့် အပြစ်ကင်းစင်စွာထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းများအား ချီးမြှင့်အပ်နှင်းရန် အတွက် အောက်ပါပြည်သူ့ဝန်ထမ်းဆိုင်ရာများအား ချီးမြှင့်အပ်နှင်းရန်အတွက် အောက်ပါပြည်သူ့ ဝန်ထမ်းဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များကို တီထွင် ပြဋ္ဌာန်းလိုက်သည်-

(က) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊

(ခ) ပြည်သူ့ဝန်ထမ်းတံဆိပ်၊

(ဂ) ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်။

## ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များအတွက် ပြည့်စုံရမည့်အရည်အချင်းများ

၂။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များအတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

### (က) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်

(၁) နိုင်ငံတော်လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် အကျင့်စာရိတ္တကောင်းမွန်စွာဖြင့် တာဝန်ဝတ္တရား များကို ကာလကြာမြင့်စွာနှင့် ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေ လျက် ဂုဏ်ပြုလောက်အောင် ကြိုးပမ်းဆောင်ရွက်သည့် အမှုထမ်းသက်အနည်းဆုံး ၂၅ နှစ်ရှိသော ဖော်ပြပါဝန်ထမ်းများ ဖြစ်ခြင်း-

(ကက) အငြိမ်းစားဝန်ထမ်းများ အပါ အဝင် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း၊

(ခခ) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အငြိမ်းစားပါတီ ဝန်ထမ်းများအပါအဝင် ပါတီဝန်ထမ်းများဖြစ် ခြင်း။

(၂) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်း၊

(၃) အောက်ပါ ပြဋ္ဌာန်းခွင့်ပြုထားသည့် အမှတ်ပေးစနစ်အရ စုစုပေါင်းအနည်းဆုံး ၃၀ မှတ်ရရှိခြင်း-

(ကက) **ရေတွက်ခွင့်ရှိသောအမှုထမ်းသက်၊** (တနှစ်တမှတ်နှုန်းဖြင့် အများဆုံး ၂၅ မှတ်အထိ)၊

(အငြိမ်းစားယူပြီးနောက် တဆက်တည်း ဝန်ထမ်းအဖွဲ့အစည်းတခုခုတွင် ပြန်လည်အမှုထမ်းသော ဝန်ထမ်းအတွက် အငြိမ်းစားမယူမီထမ်းဆောင်ခဲ့သော အမှုထမ်းသက်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ၊ ပါတီဝန်ထမ်း အမှုထမ်းသက်များကိုလည်း ထည့်သွင်းရေတွက်ခွင့်ရှိသည်)။

**(ခခ) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့တံဆိပ်များအတွက် ခွင့်ပြုသည့် အမှတ်များ-**

| | | | |
|---|---|---|---|
| (၁) | အောင်ဆန်းသူရိယဘွဲ့ | ... | ၁၂ မှတ် |
| (၂) | အောင်ဆန်းတံဆိပ် | ... | ၁၀ မှတ် |
| (၃) | သီဟသူရဘွဲ့ | ... | ၈ မှတ် |
| (၄) | သီဟဗလတံဆိပ် | ... | ၆ မှတ် |
| (၅) | သူရဘွဲ့ | ... | ၅ မှတ် |
| (၆) | သူရဲကောင်း မှတ်တမ်းဝင်/တံဆိပ် | ... | ၃ မှတ် |
| (၇) | အရေးတော်ပုံတံဆိပ် | ... | ၂ မှတ် |
| (၈) | လွတ်လပ်ရေးစည်းရုံးမှုတံဆိပ် | ... | ၂ မှတ် |
| (၉) | လွတ်မြောက်ရေးတံဆိပ် | ... | ၂ မှတ် |

**(ဂဂ) ပြည်သူ့ရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ (ယခင်က ချီးမြှင့်ခဲ့သည့် တံဆိပ်များ)-**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုရွှေတံဆိပ် (သူရသတ္တိ/ထူးချွန်) | ၆ မှတ် |
| (၂) | ပြည်ထောင်စုငွေတံဆိပ် (သူရသတ္တိ/ထူးချွန်) | ၄ မှတ် |
| (၃) | ရဲမှုထမ်းကောင်းတံဆိပ် (ပထမတန်း) | ၃ မှတ် |
| (၄) | ရဲမှုထမ်းကောင်းတံဆိပ် (ဒုတိယတန်း) | ၂ မှတ် |

**(ဃဃ) ပြည်သူ့ရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ-**

| | | | |
|---|---|---|---|
| (၁) | ရဲသီဟတံဆိပ် | ... | ၆ မှတ် |
| (၂) | ရဲသူရတံဆိပ် | ... | ၄ မှတ် |
| (၃) | ရဲဇလတံဆိပ် | ... | ၃ မှတ် |
| (၄) | ရဲသူရိန်တံဆိပ် | ... | ၃ မှတ် |
| (၅) | ရဲကျော်စွာတံဆိပ် | ... | ၂ မှတ် |
| (၆) | ရဲကျော်သူတံဆိပ် | ... | ၂ မှတ် |
| (၇) | နိုင်ငံတော်ရဲမှုထမ်းတံဆိပ် | ... | ၂ မှတ် |
| (၈) | ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် | ... | ၂ မှတ် |

**(ငင) ပြည်သူ့ဝန်ထမ်းများဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ-**

| | | | |
|---|---|---|---|
| (၁) | ပြည်သူ့ဝန်ထမ်းတံဆိပ် | ... | ၂ မှတ် |
| (၂) | ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် | ... | ၂ မှတ် |
| (၃) | ဆိုရှယ်လစ်လုပ်သားကောင်း | ... | ၄ မှတ် |
| (၄) | စံပြလုပ်သားဒုတိယဆင့် | ... | ၃ မှတ် |
| (၅) | စံပြလုပ်သား တတိယဆင့် | ... | ၂ မှတ် |
| (၆) | တိုက်ပွဲဝင်တံဆိပ်မရရှိသည့် လွတ်လပ်ရေး မော်ကွန်း ဝင် တံဆိပ် ချီးမြှင့်ခံရသော မော်ကွန်းဝင် ပထမဆင့် | .... | ၆ မှတ် |
| (၇) | တိုက်ပွဲဝင်တံဆိပ်မရရှိသည့် လွတ်လပ်ရေး မော်ကွန်း ဝင် တံဆိပ် ချီးမြှင့်ခံရသော မော်ကွန်းဝင် ဒုတိယဆင့် | .... | ၄ မှတ် |
| (၈) | တိုက်ပွဲဝင်တံဆိပ်မရရှိသည့် လွတ်လပ်ရေး မော်ကွန်း ဝင်တံဆိပ် ချီးမြှင့်ခံရသော မော်ကွန်းဝင် တတိယဆင့် | .... | ၂ မှတ် |

**(စစ) ဂုဏ်ထူးဆောင်လက်မှတ်နှင့် အမှုထမ်းကောင်းလက်မှတ်များအတွက် ခွင့်ပြုသည့်အမှတ်များ-**

| | | |
|---|---|---|
| (၁) | ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆု | ၂ မှတ် |

| | | |
|---|---|---|
| (၂) | ဂုဏ်ထူးဆောင်လက်မှတ် | ၂ မှတ် |
| (၃) | နိုင်ငံတော်ကောင်စီ (သို့မဟုတ်)၊ဗဟိုအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်ကချီးမြှင့်သောဂုဏ်ထူးဆောင်လက်မှတ် (သို့မဟုတ်)၊ ဆု | ၂ မှတ် |

**(ခ) ပြည်သူ့ဝန်ထမ်းတံဆိပ်**

(၁) နိုင်ငံတော်လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့ရာ၌ အမှုထမ်းသက် အနည်းဆုံး ၁၅နှစ်ရှိသော ဖော်ပြပါ ဝန်ထမ်းများဖြစ်ခြင်း-

(ကက) အငြိမ်းစားဝန်ထမ်းများ အပါအဝင် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း၊

(ခခ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အငြိမ်းစားပါတီဝန်ထမ်းများအပါအဝင် ပါတီဝန်ထမ်းများဖြစ် ခြင်း။

(၂) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိ၍ အလုပ်တာဝန်ကို ထူးကဲစွာထမ်းဆောင်ခဲ့ခြင်း၊

(၃) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်း။

**(ဂ) ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**

၁၉၄၈ ခု ၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံတဝန်းလုံး၌ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့ဝန်ထမ်းအဖြစ် အနည်းဆုံး ၂နှစ် တာဝန်ထမ်း ဆောင်ခဲ့သည့် ဖော်ပြပါဝန်ထမ်းများဖြစ်ခြင်း-

(၁) အငြိမ်းစားဝန်ထမ်းများအပါအဝင် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း၊

(၂) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အငြိမ်းစားပါတီဝန်ထမ်းများအပါအဝင် ပါတီဝန်ထမ်းများဖြစ် ခြင်း။

(ဤတံဆိပ်အတွက် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များလည်းအကျုံးဝင်သည်။)

<ပြင်ဆင် 12.07.1982>

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် ငွေကြေးချီးမြှင့်ခြင်း**

၃။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်းခံရသည့် ပြည်သူ့ဝန်ထမ်းသည် တလုံးတခဲတည်း ချီးမြှင့်ငွေကျပ် ၃,၀၀၀ (ကျပ်သုံးထောင်တိတိ)ကို ခံစားခွင့်ရှိသည်။

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် ငွေကြေးချီးမြှင့် ခြင်း**

၄။ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ဝန်ထမ်းနှင့် ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ဝန်ထမ်းတို့သည် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကိုလည်းကောင်း၊ တလုံးတခဲတည်း ချီးမြှင့်ငွေကိုလည်းကောင်း ခံစားခွင့်မရှိပါ။

<ပြင်ဆင် 12.07.1982>

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံ ဆိပ်နှင့် ပုံတူတံဆိပ်ငယ်များ တပ်ဆင်ရာတွင် လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ**

၅။ နိုင်ငံတော်ကောင်စီ၏ ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၂/၇၈ ဖြင့် ထုတ်ပြန်ထားသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ပါအတိုင်း ဖြစ်သည်။

<ပြင်ဆင် 12.07.1982>

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံ ဆိပ်များ၏ ပုံသဏ္ဌာန်အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်ပါအမှတ်အသား များနှင့် ပတ်သတ်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ**

**၆။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်**

(က) **ပစ္စည်းအမျိုးအစား။** တံဆိပ်ကို သတ္တုစပ်ငွေရောင်ဖြင့် ပြုလုပ်ရန်ဖြစ်သည်။

(ခ) **ပုံသဏ္ဌာန်နှင့် အရွယ်အစား**

(၁) ထောင့်စွန်းများမှ အလယ်ဗဟိုသို့ ဦးတည်မြင့်တက်လာသော ဖောင်းကြွ ၈ ထောင့်ကြယ် ပုံဖြစ်သည်၊

(၂) ယင်း၏အလယ်တွင် အဝါရောင်စက်ဝိုင်းအတွင်း ၆ ထောင့် ဖောင်းကြွကြယ်ပုံ ထည့်သွင်း ထားသည်၊

(၃) ၈ ထောင့်ကြယ်၏ အချင်းမှာ ၃.၈ စင်တီမီတာ ရှိသည်၊ အဝါရောင်စက်ဝိုင်း၏ အချင်းမှာ ၂.၂ စင်တီမီတာ ရှိ၍ ၆ ထောင့်ဖောင်းကြွကြယ်၏ အချင်းမှာ ၁.၈ စင်တီမီတာရှိသည်၊

(၄) တံဆိပ်၏ ထိပ်တွင် ဖဲကြိုးသွင်းရန် ကွင်းငယ်တခုပါရှိ၍ ယင်းကွင်းငယ်၏ အချင်းမှာ ၁.၁ စင်တီ မီတာ ရှိသည်၊

(၅) တံဆိပ်၏ ကျောဘက်တွင် "ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်"ဟူသော စာတန်းကို အထက်မှ ထား၍ အောက်တွင် ချီးမြှင့်သည့်ခုနှစ်သက္ကရာဇ်စာတန်းကို ဖောင်းကြွစာလုံးဖြင့် ပြုလုပ်ထားသည်။

(ဂ) **ဖဲကြိုးအရွယ်အစားနှင့် အရောင်အသွေး**

(၁) ဤတံဆိပ်တပ်ဆင်ရန် သတ်မှတ်ထားသော ဖဲကြိုးတွင် အစိမ်းရောင်နှင့် အဝါရောင်အစင်းများ ဖော်ထားသည်၊

(၂) ဖဲကြိုး၏ အနံမှာ ၄ စင်တီမီတာရှိသည်၊

(၃) ဖဲကြိုး၏ လက်ဝဲဘက်အစွန်းနှင့် လက်ယာဘက် အစွန်းတွင် .၆ စင်တီမီတာရှိသော အစိမ်းရောင် အစင်းတစင်းစီရှိသည်၊

(၄) ထိုအစိမ်းရောင်အစင်း ၂ စင်း၏ အလယ်တွင် ၂.၈ စင်တီမီတာရှိသော ရွှေဝါရောင်အစင်း တစင်းရှိ သည်။

(ဃ) **တံဆိပ်ပါအမှတ်အသားများနှင့် အဓိပ္ပာယ်ဖော်ဆောင်ချက်များ**

(၁) တံဆိပ်၏အလယ်တွင်ဖောင်းကြွ ၆ မြှောင့်ကြယ်ထည့်သွင်းထားခြင်းသဘောမှာ နာယကဂုဏ် ၆ ပါး နှင့်အညီ မိမိသွားမြဲလမ်းကြောင်းကို အစဉ်မဖောက်မပြန် ဖြောင့်မှန်စွာ သွားတတ်သည့် သဘာဝကို ဖော်ညွှန်းသည်၊

(၂) ၈ ထောင့်ကြယ်၏ သဘောမှာ အရပ်ရှစ်မျက်နှာတွင် ပကတိလင်းရောင်ခြည်ကို ဆောင်၍ မိမိသွား မြဲလမ်းကြောင်းကို ရှေ့ရှု၍ အစဉ်မဖောက်မပြန် တူရှုသွားတတ်သည့် သဘာဝရှိသကဲ့သို့ ဆိုရှယ်လစ်စနစ် အောင်မြင်မှုအတွက် ဦးဆောင်လမ်းပြမှု သဘောကို ဖော်ညွှန်းသည်။

(င) **ပုံတူတံဆိပ်ငယ်။** ဤတံဆိပ်နှင့်အတူ ချီးမြှင့်မည့် ပုံတူတံဆိပ်ငယ်ကို လက်ဝဲဘက် ရင်ဘတ်တွင် တပ်ဆင်ရန်ဖြစ်သည်။

(စ) **ဂုဏ်ပြုစာလွှာ**

(၁) ဤတံဆိပ်နှင့်အတူ ချီးမြှင့်မည့်ဂုဏ်ပြုစာလွှာကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားသည်၊

(၂) ယင်းဂုဏ်ပြုစာလွှာကို ငွေရောင်ဖြင့် ရိုက်နှိပ်ရန်ဖြစ်သည်။

<ပြင်ဆင် 12.07.1982>

## ၇။ ပြည်သူ့ဝန်ထမ်းတံဆိပ်

(က) **ပစ္စည်းအမျိုးအစား**။ တံဆိပ်ကို သတ္တုစပ်ငွေရောင်ဖြင့် ပြုလုပ်ရန်ဖြစ်သည်၊

(ခ) **ပုံသဏ္ဌာန်နှင့် အရွယ်အစား**

(၁) စပါးနှံကို အနားပတ်လည်တွင် ဖောင်းကြွပုံဖော်ထားသည့် စက်ဝိုင်းပုံဖြစ်သည်၊ စက်ဝိုင်း၏အချင်း မှာ ၃.၈ စင်တီမီတာရှိသည်၊

(၂) စပါးနှံလွတ်နေသည့် အတွင်းစက်ဝိုင်း၏ အချင်းမှာ ၃.၆ စင်တီမီတာရှိသည်၊

(၃) အတွင်းစက်ဝိုင်း၏ အလယ်တွင် ဒေါင်းတောင် ၂ ချောင်း၊ တချောင်းနှင့် တချောင်း ကန့်လန့်ဖြတ် ထားသည့်ပုံကို ဖောင်းကြွပုံဖော်ထားသည်၊

(၄) ဒေါင်းတောင် တချောင်းစီ၏ အရှည်သည် ၂.၆ စင်တီမီတာရှိပြီး၊ ဒေါင်းမြီးကွက်ပါသည့်နေရာ၏ ဗျက်မှာ ၅ စင်တီမီတာရှိပြီး၊ အောက်ဘက်သို့ သွယ်သွားသည်၊

(၅) ကန့်လန့်ဖြတ်ပုံဖော်ထားသည့် ဒေါင်းတောင်များ၏ အပေါ်ဘက်ထောင့်မှာ ၉၀ ရှိသည်၊

(၆) တံဆိပ်၏ထိပ်တွင် ဖဲကြိုးသွင်းရန် ကွင်းငယ်တခုပါရှိ၍ ယင်းကွင်းငယ်၏ အချင်းမှာ ၁.၁ စင်တီမီ တာ ရှိသည်၊

(၇) တံဆိပ်၏ ကျောဘက်တွင် "ပြည်သူ့ဝန်ထမ်းတံဆိပ်"ဟူသော စာတန်းကို အထက်မှထား၍ အောက် တွင် ချီးမြှင့်သည့်ခုနှစ်သက္ကရာဇ်စာတန်းကို ဖောင်းကြွစာလုံးဖြင့် ပြုလုပ်ထားသည်။

(ဂ) **ဖဲကြိုးအရွယ်အစားနှင့် အရောင်အသွေး**

(၁) ဤတံဆိပ်တွင် တပ်ဆင်ရန် သတ်မှတ်ထားသော ဖဲကြိုးတွင် အဝါနှင့် အပြာအစင်းများဖော်ထား သည်၊

(၂) ဖဲကြိုးအနံမှာ ၄ စင်တီမီတာ ရှိသည်၊

(၃) ဖဲကြိုး၏ လက်ဝဲဘက်အစွန်းနှင့် လက်ယာဘက် အစွန်းတွင် .၆ စင်တီမီတာ ရှိသော အပြာရောင် အစင်းတစင်းစီ ရှိသည်၊

(၄) ထိုအပြာရောင်အစင်း ၂ စင်း၏ အလယ်တွင် ၂.၈ စင်တီမီတာရှိသော ရွှေဝါရောင်အစင်း တစင်းရှိ သည်။

(ဃ) **တံဆိပ်ပါအမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ**

(၁) တံဆိပ်၏ အလယ်တွင် ဒေါင်းတောင် ၂ ချောင်းထည့်သွင်းထားခြင်းသဘောမှာ ကာယစွမ်းအား၊ ဉာဏစွမ်းအား ၂ မျိုးဖြင့် တိုင်းပြည်တာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်ခဲ့ခြင်းသဘောကို ဖော်ညွှန်း သည်၊

(၂) စပါးနှံများမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ သာယာဝပြောခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ခြင်း သဘောကို ဖော်ညွှန်းသည်၊

(၃) စက်ဝိုင်းပုံသဏ္ဌာန်၏ သဘောမှာ အဝိုင်းအဝန်းအဖွဲ့အစည်းဝိုင်းဝန်းညီညာခြင်းစသော ဆိုရှယ်လစ်လူ့ဘောင်သစ်ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ညွှန်းသည်။

(င) **ပုံတူတံဆိပ်ငယ်။** ဤတံဆိပ်နှင့်အတူ။ ချီးမြှင့်မည့် ပုံတူတံဆိပ်ငယ်ကို လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင်ရန်ဖြစ်သည်။

(စ) **ဂုဏ်ပြုစာလွှာ**

(၁) ဤတံဆိပ်နှင့်အတူ ချီးမြှင့်မည့် ဂုဏ်ပြုစာလွှာကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားသည်၊

(၂) ယင်းဂုဏ်ပြုစာလွှာကို ငွေရောင်ဖြင့် ရိုက်နှိပ်ရန်ဖြစ်သည်။

<ပြင်ဆင် 12.07.1982>

၈။ **ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**

(က) **ပစ္စည်းအမျိုးအစား။** တံဆိပ်ကို သတ္တုစပ်ငွေရောင်ဖြင့် ပြုလုပ်ရန်ဖြစ်သည်၊

(ခ) **ပုံသဏ္ဌာန်နှင့်အရွယ်အစား**

(၁) စပါးနှံကို အနားပတ်လည်တွင် ဖောင်းကြွပုံဖော်ထားသည့် စက်ဝိုင်းပုံဖြစ်သည်၊ စက်ဝိုင်း၏ အချင်းမှာ ၃.၈ စင်တီမီတာ ရှိသည်၊

(၂) စပါးနှံလွတ်နေသည့် အတွင်းစက်ဝိုင်း၏ အချင်းမှာ ၃.၆ စင်တီမီတာရှိသည်၊

(၃) အတွင်းစက်ဝိုင်း၏အလယ်တွင် နှစ်ဘက်သွားပါသော ဓားတစင်းကို စိုက်လျက် ၎င်းအပေါ်တွင် ချိန်ခွင်ပုံကို ထပ်လျက်အဖောင်းထုထားသည်၊

(၄) ဓား၏ အရှည်မှာ ၂.၁ စင်တီမီတာရှိ၍ ဓားသွား၏ ဗျက်မှာ .၂ စင်တီမီတာရှိသည်၊

(၅) ချိန်ခွင်၏မောင်းတံမှာ ၁.၈ စင်တီမီတာရှိသည်၊

(၆) တံဆိပ်၏ ထိပ်တွင် ဖဲကြိုးသွင်းရန် ကွင်းငယ်တခုပါရှိ၍ ၎င်းကွင်းငယ်၏ အချင်းမှာ ၁.၁ စင်တီမီ တာရှိသည်၊

(၇) တံဆိပ်၏ ကျောဘက်တွင် "ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်"ဟူသော စာတန်း ကို အထက်မှထား၍ အောက်တွင် ချီးမြှင့်သည့်ခုနှစ် သက္ကရာဇ်စာတန်းကို ဖောင်းကြွစာလုံးဖြင့် ပြုလုပ် ထားသည်။

(ဂ) **ဖဲကြိုးအရွယ်အစားနှင့် အရောင်အသွေး**

(၁) ဤတံဆိပ်ကို တပ်ဆင်ရန် သတ်မှတ်ထားသော ရွှေဝါရောင်ဖဲကြိုး၏ အလယ်ဗဟိုတွင် .၆ စင်တီမီတာ အကျယ်ရှိသော မိုးပြာရောင် အစင်းတစင်းဒေါင်လိုက်ဖော်ထားသည်၊

(၂) ဖဲကြိုး၏အနံမှာ ၄ စင်တီမီတာရှိသည်။

(ဃ) **တံဆိပ်ပါအမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ**

(၁) တံဆိပ်၏ အလယ်တွင် ဓားနှင့် ချိန်ခွင်ထည့်ထားခြင်း၏ သဘောမှာ ဖြောင့်မတ်၍ စွမ်းရည်သတ္တိရှိ စွာ လုပ်ကိုင်ခြင်းသဘော ရေးရိုးအထိမ်းအမှတ်ကို ဖော်ညွှန်းထားခြင်းဖြစ်သည်၊

(၂) စပါးနှံများမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ သာယာဝပြောခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ခြင်း သဘောကို ဖော်ညွှန်းသည်၊

(၃) စက်ဝိုင်း ပုံသဏ္ဍာန်၏ သဘောမှာ အဝိုင်းအဝန်း၊ အဖွဲ့အစည်း၊ ဝိုင်းဝန်းညီညာခြင်းစသော ဆိုရှယ်လစ်လူ့ဘောင်သစ် ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ညွှန်းသည်။

(င) **ပုံတူတံဆိပ်ငယ်။** ဤတံဆိပ်နှင့်အတူ ချီးမြှင့်မည့် ပုံတူ တံဆိပ်ငယ်ကို လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင်ရန်ဖြစ်သည်။

(စ) **ဂုဏ်ပြုစာလွှာ**

(၁) ဤတံဆိပ်နှင့်အတူ ချီးမြှင့်မည့် ဂုဏ်ပြုစာလွှာကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားသည်၊

(၂) ယင်းဂုဏ်ပြုစာလွှာကို ငွေရောင်ဖြင့် ရိုက်နှိပ်ရန်ဖြစ်သည်။

<ပြင်ဆင် 12.07.1982>

၉။ **ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုး မိုးရေးတံဆိပ်တို့၏ နမူနာပုံစံများ။** ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ် ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်တို့၏ နမူနာပုံစံများကို နောက်ဆက်တွဲ (ဃ) ဖြင့် ဖော်ပြထား သည်။

<ပြင်ဆင် 12.07.1982>

အေးကို

အတွင်းရေးမှူး

နိုင်ငံတော်ကောင်စီ